မန္တလေးတိုင်းဒေသကြီးပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းဥပဒေကြမ်း

(၂၀၂၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ။)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ရက်

(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ရက်)

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မန္တလေးတိုင်းဒေသကြီးပိုင်ပစ္စည်းများရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့်ဆောင်ရွက်ခြင်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီးပိုင်ပစ္စည်းများ** ဆိုသည်မှာ အစိုးရအဖွဲ့၏ ဘဏ္ဍာငွေဖြင့် ဝယ်ယူထားသော ပစ္စည်းများ၊ တိုင်းဒေသကြီး ဝန်ကြီးဌာနတစ်ခုခု၏ ဘဏ္ဍာငွေဖြင့် ဝယ်ယူထားသော ပစ္စည်းများ၊ အစိုးရအဖွဲ့၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ပစ္စည်းများ၊ ပြည်ထောင်စုအစိုးရမှ အစိုးရအဖွဲ့သို့ တိုင်းဒေသကြီးပိုင်အဖြစ် လွှဲပြောင်းပေးအပ်သော ပစ္စည်းများကို ဆိုသည်။

(ခ) **ပစ္စည်း** ဆိုသည်မှာ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ဆိုသည်။

(ဂ) **ရွှေ့ပြောင်းနိုင်သောပစ္စည်း** ဆိုသည့် စကားရပ်တွင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းမှတစ်ပါး အခြားပစ္စည်းအမျိုးမျိုး ပါဝင်သည်။

(ဃ) **မရွှေ့မပြောင်းနိုင်သောပစ္စည်း** ဆိုသည့် စကားရပ်တွင် မြေ၊ မြေမှဖြစ်ထွန်းလာသော အကျိုးခံစားခွင့်များ၊ မြေ၌စိုက်ထူထားသော အရာဝတ္ထုများအပြင် ယင်းအရာဝတ္ထုတို့တွင် အမြဲတပ်ဆင်ထားသည့် အရာဝတ္ထုများလည်း ပါဝင်သည်။

(ဂ) **ရောင်းချခြင်း** ဆိုသည်မှာ ပေးချေသည့်တန်ဖိုး သို့မဟုတ် ပေးချေမည်ဟု ကတိပြုသည့်တန်ဖိုး သို့မဟုတ် အချို့ကို ပေးချေ၍ အချို့ကိုပေးချေမည်ဟု ကတိပြုသည့် တန်ဖိုးနှင့် လဲလှယ်၍ ပစ္စည်းပိုင်ဆိုင်ခွင့်လွှဲပြောင်းခြင်းကိုဆိုသည်။

(စ) **ငှားရမ်းခြင်း** ဆိုသည်မှာ ပစ္စည်း၏အကျိုးခံစားခွင့်ကို အတိအလင်းသော်လည်းကောင်း၊ အချိန်ကာလသတ်မှတ်၍ လွှဲပြောင်းခံယူသူက လွှဲပြောင်းပေးသူသို့ တန်ဖိုးပေးသည့် အတွက်သော်လည်းကောင်း၊ တန်ဖိုးပေးမည်ဟု ကတိပြုသည့်အတွက်သော်လည်း ကောင်း အချိန်ပိုင်းအားဖြင့်ဖြစ်စေ၊ သတ်မှတ်ထားသည့်အခါများ၌ဖြစ်စေ ငွေ သို့မဟုတ် ဆောင်ရွက်မှု သို့မဟုတ် အဖိုးတန်ပစ္စည်း ပေးအပ်ပြုလုပ်ပါမည်ဟုသော်လည်းကောင်း၊ ကတိထားသည်ကို လွှဲပြောင်းပေးသူက လက်ခံ၍ လွှဲပြောင်းပေးခြင်းကို ဆိုသည်။

(ဆ) **အခြားနည်းဖြင့်ဆောင်ရွက်ခြင်း** ဆိုသည်မှာ ရောင်းချခြင်း၊ ငှားရမ်းခြင်းမှလွဲ၍ အခြားသော နည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်းမှလွဲ၍ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် စနစ်တစ်မျိုးမျိုးဖြင့် ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဇ) **ပေးသွင်းငွေ** ဆိုသည်မှာ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ အခြားနည်းဖြင့် ဆောင်ရွက်ခြင်းအတွက် ကနဦးနှင့် အရစ်ကျပေးသွင်းငွေများကို ဆိုသည်။

(စျ) **တိုင်းဒေသကြီး** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ည) **အစိုးရအဖွဲ့** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဋ) **လွှတ်တော်** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကို ဆိုသည်။

(ဌ) **ဝန်ကြီးဌာန** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ဝန်ကြီးဌာနကို ဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီးပိုင်ပစ္စည်းများကိုရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းများကို နိုင်ငံတော်၏မူဝါဒ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ စီမံခန့်ခွဲနိုင်ရန်၊

(ခ) တိုင်းဒေသကြီးပိုင်ပစ္စည်းများကိုရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းများ ပြုလုပ်ရာတွင် တိုင်းဒေသကြီးပိုင်ပစ္စည်းများ၊ ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း၊ ထိခိုက်နစ်နာစေခြင်း၊ အငြင်းပွားခြင်းများ မရှိစေရန်။

အခန်း(၃)

တိုင်းဒေသကြီးပိုင်ပစ္စည်းများ ရောင်းချခြင်းနှင့် ငှားရမ်းခြင်း

၄။ (က) အစိုးရအဖွဲ့သည် တိုင်းဒေသကြီးပိုင်ပစ္စည်းများရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်းများ ဆောင်ရွက်လိုပါက လေလံ သို့မဟုတ် တင်ဒါစနစ်ဖြင့် ခေါ်ယူဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါပစ္စည်းများသည် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ ဖြစ်ပါက တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက် ရယူရမည်။

၅။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီးပိုင်ပစ္စည်းများ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်းများ ဆောင်ရွက်ရာတွင် ပစ္စည်း၏ကာလတန်ဖိုး၊ ဒေသတန်ဖိုး၊ စံငှားရမ်းခနှုန်းထားများနှင့် ညီညွတ်ခြင်း ရှိ မရှိ ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ရမည်။

အခန်း(၄)

တိုင်းဒေသကြီးပိုင်ပစ္စည်းများ အခြားနည်းဖြင့်ဆောင်ရွက်ခြင်း

၆။ တိုင်းဒေသကြီးပိုင်ပစ္စည်းများကို အခြားနည်းဖြင့် ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့၏ သဘောတူညီချက်၊ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ တိုင်းဒေသကြီးပိုင်ပစ္စည်းများအား အခြားနည်းဖြင့် ဆောင်ရွက် ခွင့်ပြုရာတွင် တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရမည့်တန်ဖိုးကို အစိုးရအဖွဲ့က သတ်မှတ်ရမည်။

၇။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီးပိုင်ပစ္စည်းများကို အခြားနည်းလမ်းဖြင့်ဆောင်ရွက်ရာတွင် ကာလတန်ဖိုး၊ ဒေသတန်ဖိုးများနှင့် အညီဖြစ်စေရန် ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆောင်ရွက်ရမည်။

၈။ အစိုးရအဖွဲ့နှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်သည့် စနစ်တစ်မျိုးမျိုးဖြင့် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

အခန်း(၅)

လေလံ သို့မဟုတ် တင်ဒါကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ အစိုးရအဖွဲ့သည် လေလံ သို့မဟုတ် တင်ဒါ ကော်မတီကို ဖွဲ့စည်းရာတွင် တိုင်းဒေသကြီး ဝန်ကြီးတစ်ဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ သက်ဆိုင်ရာအစိုးရဌာနများမှ ကိုယ်စားလှယ်များ ပါဝင်သည့် အနည်းဆုံး အဖွဲ့ဝင် (၅) ဦးဖြင့် ဖွဲ့စည်းရမည်။ လိုအပ်ပါက နည်းပညာကျွမ်းကျင်သည့် ပုဂ္ဂိုလ်များကိုလည်း ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၁၀။ ပုဒ်မ ၉ အရ ဖွဲ့စည်းထားသည့် ကော်မတီသည် လေလံ သို့မဟုတ် တင်ဒါ ကြမ်းခင်းစျေး တွက်ချက်ရေး ကော်မတီနှင့် လေလံ သို့မဟုတ် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီတို့ကို သက်ဆိုင်ရာအစိုးရဌာနမှ ကိုယ်စားလှယ်များ ပါဝင်သည့် အနည်းဆုံးအဖွဲ့ဝင် (၃) ဦးဖြင့် ဖွဲ့စည်းရမည်။ လိုအပ်ပါက နည်းပညာကျွမ်းကျင်သည့် ပုဂ္ဂိုလ်များကိုလည်း ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၁၁။ လေလံ သို့မဟုတ် တင်ဒါ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကြမ်းခင်းစျေး တွက်ချက်ရေးကော်မတီ၏ ရောင်းချမည့် သို့မဟုတ် ငှားရမ်းမည့် သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းစျေး သတ်မှတ်ချက်များကို စိစစ်အတည်ပြုရမည်။

(ခ) ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းတို့အတွက် လိုအပ်သည့် လေလံပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(ဂ) လေလံ သို့မဟုတ် တင်ဒါ ကြမ်းခင်းစျေးတွက်ချက်ရေးကော်မတီ၊ လက်ခံရေးနှင့် စိစစ်ရေးကော်မတီတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။

အခန်း(၆)

တိုင်ကြားမှုဖြေရှင်းခြင်း

၁၂။ တိုင်းဒေသကြီးပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းတို့ကို လေလံ သို့မဟုတ် တင်ဒါစနစ်ဖြင့် ရွေးချယ်သည့် လုပ်ငန်းစဉ်၌ နစ်နာသူက ခိုင်လုံသော အကြောင်းပြချက် အထောက်အထားများဖြင့် တိုင်ကြားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက လေလံ သို့မဟုတ် တင်ဒါကော်မတီက စုံစမ်းစစ်ဆေးခြင်း၊ ဆုံးဖြတ်ခြင်း ဆောင်ရွက်ရမည်။

၁၃။ ပုဒ်မ ၁၂ အရ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိကြောင်း တင်ပြလာပါက အစိုးရအဖွဲ့သည် တိုင်ကြားမှုဖြေရှင်းရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

၁၄။ အစိုးရအဖွဲ့သည် တိုင်ကြားမှုဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း ဆောင်ရွက်နိုင်သည်။

၁၅။ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးသတ်ဖြစ်သည်။

အခန်း(၇)

လေလံ သို့မဟုတ် တင်ဒါ အောင်မြင်သူနှင့် စာချုပ် ချုပ်ဆိုခြင်း

၁၆။ လေလံ သို့မဟုတ် တင်ဒါ အောင်မြင်သူနှင့် စာချုပ် ချုပ်ဆိုရာတွင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

အခန်း(၈)

တိုင်းဒေသကြီးပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းအတွက် ငွေပေးသွင်းခြင်း

၁၇။ တိုင်းဒေသကြီးပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့်ဆောင်ရွက်ခြင်းမှ ရရှိငွေကို အစိုးရအဖွဲ့က သတ်မှတ်သည့် ငွေစာရင်းအမှတ်သို့ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းနှင့်အညီ ပေးသွင်းရမည်။

အခန်း(၉)

အရေးယူခြင်း

၁၈။ တိုင်းဒေသကြီးပိုင်ပစ္စည်းများရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ရာတွင် အဂတိလိုက်စားခြင်း၊ မရိုးမဖြောင့်သောသဘောဖြင့် ဆောင်ရွက်ခြင်းတို့ကို တွေ့ရှိပါက အစိုးရအဖွဲ့က အောက်ပါအတိုင်း အရေးယူဆောင်ရွက်ရမည် -

(က) တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် အရေးယူခြင်း၊

(ခ) စာချုပ်နှင့် လေလံ သို့မဟုတ် တင်ဒါကို ပယ်ဖျက်ခြင်း၊

(ဂ) လေလံ သို့မဟုတ် တင်ဒါ တင်သွင်းသူများအား ယှဉ်ပြိုင်ခွင့် ကန့်သတ်ခြင်း၊ အမည်ပျက် စာရင်း ထည့်သွင်းမှတ်တမ်းတင်ခြင်း။

၁၉။ ပုဒ်မ ၁၈ ပုဒ်မခွဲ (ခ) အရ လေလံ သို့မဟုတ် တင်ဒါတင်သွင်းသူ၏ ပြုလုပ်မှု၊ ပျက်ကွက်မှု ကြောင့် စာချုပ်နှင့် လေလံ သို့မဟုတ် တင်ဒါ ပယ်ဖျက်ခြင်းခံရလျှင် အာမခံကြေးနှင့် တိုင်းဒေသကြီး ပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းအတွက် ပေးသွင်းငွေ ကို တိုင်းဒေသကြီးဘဏ္ဍာငွေအဖြစ် သိမ်းယူခြင်းခံရမည်။

၂၀။ လေလံ သို့မဟုတ် တင်ဒါ တင်သွင်းသူ၏ ပြုလုပ်မှု၊ ပျက်ကွက်မှုနှင့် သက်ဆိုင်ခြင်းမရှိဘဲ စာချုပ်နှင့် လေလံ သို့မဟုတ် တင်ဒါပယ်ဖျက်ခြင်းခံရလျှင် လေလံ သို့မဟုတ် တင်ဒါအတွက် အာမခံ ကြေးပေးသွင်းငွေကို လေလံ သို့မဟုတ် တင်ဒါတင်သွင်းသူအား ပြန်လည်ထုတ်ပေးရမည်။

အခန်း(၁၀)

အထွေထွေ

၂၁။ တိုင်းဒေသကြီးပိုင်ပစ္စည်းများ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းများကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၂၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် တိုင်းဒေသကြီးအစိုးရအဖွဲ့က အများပြည်သူအကျိုးအလို့ငှာ တိုင်းဒေသကြီးပိုင်ပစ္စည်းတစ်ခုခုကို အစိုးရဌာနတစ်ခုခုသို့ လွှဲပြောင်းခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

မျိုးအောင်

ဝန်ကြီးချုပ်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့